# သင့်ထံ ပြန်လာသည့်အရာ

## IT COMES BACK TO you

ကျေးလက်ဒေသ နှစ်လမ်းသွားလမ်းပေါ် တစ်ညနေခင်းတွင် သူအိမ်အပြန် ကားမောင်းလာခဲ့သည်။ အမေရိကန်နိုင်ငံ၊ အနောက်အလယ်ပိုင်း၏ လူမှုအသိုင်းအဝိုင်းကလေးတွင် အလုပ်ဆိုသည်က သူမောင်းနေသည့် ဟောင်းနွမ်းနေပြီဖြစ်သော Pontiac ကားကဲ့သို့ပင် နှေးကွေးလှသည်။ သို့သော်လည်း အလုပ်ရှာဖွေနေခြင်းကို သူမရပ်ခဲ့ပါ။ စက်ရုံပိတ်ခဲ့သည့်အချိန်မှစ၍ သူအလုပ်လက်မဲ့ဖြစ်ခဲ့ပြီး ဆောင်းရာသီက ပြင်းထန်လွန်းသောကြောင့် ရိုးတွင်းချင်ဆီစိမ့်အောင် အေးလှသည့်အအေးဒဏ်ကလည်း နောက်ဆုံးမိမိအိမ်ကို ထိုးနှက်နေပြီဖြစ်သည်။

လမ်းကလည်း အထီးကျန်ဆန်လှသည်။ မိမိတို့ ဤနေရာမှ ထွက်ခွါသည့်အနေအထားမှလွဲ၍ လူအတော်များများအတွက် ဤလမ်းပေါ်တွင် ရှိနေစရာအကြောင်းမရှိ။ သူ၏ သူငယ်ချင်းအားလုံးလိုလို ထွက်ခွာသွားခဲ့ကြပြီဖြစ်သည်။ သူတို့အတွက် ကျွေးမွေးရန် မိသားစုများ၊ အကောင်အထည်ဖော်ရန် အိမ်မက်များရှိနေသည်။ သို့သော် သူက ချန်နေရစ်ခဲ့သည်။ တကယ်တော့လည်း ဤနေရာတွင် သူ၏ဖခင်နှင့်မိခင်ကို မြှုပ်နှံခဲ့ရသည် မဟုတ်ပါလား။ သူသည် ဤဒေသ၌ မွေးဖွားခဲ့ပြီး ဤနိုင်ငံအကြောင်း ကောင်းကောင်းသိသည်။ ဤလမ်းကို သူမျက်စိမှိတ်လျက် သွားနိုင်ပြီး လမ်းတဖက်တချက် မည်သည့်နေရာ၌ မည်သည့်အရာများရှိသည်ကို တတ်အပ်ပြောနိုင်သည်။ ကားရှေ့မီးများ ပျက်နေသောကြောင့် ဤအခြင်းအရာက သူ့အတွက် အသုံးဝင်ခဲ့သည်။

အချိန်က မှောင်စပျိုးနေပြီး ဆီးနှင်းများ တဖွဲဖွဲကျလာခဲ့သည်။ သူက "ငါခရီးဆက်ဖို့ စတင်လှုပ်ရှားရင် ကောင်းမယ်" ဟု တွေးလိုက်သည်။ ထိုအချိန်မှာပင် လမ်းဘေးသောင်တင်နေသည့် အဖွားကြီးတစ်ယောက်ကို မမြင်လိုက်လုနီးပါး ဖြစ်သွားခဲ့ရသည်။ အလင်းရောင် မှုံမွှားမွှားအောက်၌ပင်လျှင် သူမ အကူအညီလိုအပ်နေကြောင်းကို သူမြင်တွေ့နေရသောကြောင့် သူမ၏ မာစီဒီးကားဘေးနားသို့ မိမိကားကို ရပ်လိုက်ပြီး ကားထဲမှ ထွက်လိုက်သည်။ သူမ အနားသို့ သူချဉ်းကပ်သွားချိန်တွင် သူ့ကားစက်သံက မြည်နေဆဲဖြစ်သည်။

သူ့မျက်နှာပေါ်မှ အပြုံးကို မြင်ရသည့်တိုင် သူမက စိတ်ပူနေခဲ့သည်။ လွန်ခဲ့သည့် တစ်နာရီနှစ်နာရီအတွင်း သူမကို အကူအညီပေးရန် မည်သည့်ကားကမှ ရပ်မပေးခဲ့။ သူသည် သူမကို အနာတရဖြစ် အောင်လုပ်မည်လား? သူ့ကို ကြည့်ရသည်မှာ စိတ်ချရသည့်ပုံမပေါ်။ ဆင်းရဲပြီး ဆာလောင်နေပုံရသည်။

အမှောင်ထဲရပ်နေရင်း သူမ ထိတ်လန့်ကြောက်ရွံ့နေကြောင်းကို သူမြင်ရသည်။ သူမ မည်သို့ခံစားနေရကြောင်းကို သူနားလည်သည်။ ဤအရာက မိမိ ကိုယ်ထဲ၌ ကြောက်ရွံ့ခြင်းသာလျှင် ထည့်သွင်းပေးနိုင်သော ကျောချမ်းသွားသည့် ခံစားမှုဖြစ်သည်။

"ကျွန်တော် ကူညီဘို့ လာခဲ့တာပါ. . . နွေးနွေးထွေးထွေးရှိတဲ့ကားထဲ ဝင်ထိုင်လိုက်ရင်ကောင်းမယ်။ . . . ဩဒါထက် ကျွန်တော့်နာမည်က 'ဘရိုင်ယန်'ပါ"ဟု သူက ပြောခဲ့သည်။

အခြေအနေက ကားဘီးပေါက်နေခြင်းသာဖြစ်သော်လည်း အသက်အရွယ်ကြီးရင့်သူတစ်ယောက်အတွက် အတော်ကို ဆိုးပါသည်။ 'ဘရိုင်ယန်' က ကားအောက်သို့ဝင်လျက် ဂျိုက်ထောင့်ရမည့်နေရာကိုရှာရင်း လက်ဆစ်မှ အရေခွံက တစ်ကြိမ်နှစ်ကြိမ်ခန့် လန်သွားခဲ့သည်။ မကြာမီကားတာယာကို လဲပေးနိုင်ခဲ့သော်လည်း သူ့တကိုယ်လုံးပေးကျန်ခဲ့ရပြီး သူ့လက်များက နာကျင်နေခဲ့သည်။

သူက ဘီးနပ်များကို ကျပ်နေစဉ်မှာ အဖွားအိုက ကားမှန်ကိုချလိုက်ပြီး သူနှင့်စတင်စကားပြောခဲ့ရာ သူမသည် စိန့်လူးဝီးမြို့မှဖြစ်ပြီး ဤနေရာကို ဖြတ်သွားခဲ့ခြင်းသာဖြစ်ကြောင်း ပြောပြခဲ့သည်။ သူမကို ယခုကဲ့သို့ လာရောက်ကူညီသည့်အတွက် မည်သို့ ကျေးဇူးတင်ရမှန်းမသိတော့ကြောင်း ပြောပြသောအခါ ကားနောက်ဖုံးကို ပိတ်နေသည့် 'ဘရိုင်ယန်'က ပြုံးမိသည်။

သူ့အား ငွေမည်မျှပေးရမည်နည်းဟု အဖွားအိုက မေးမြန်းခဲ့ပြီး မည်မျှပင် တောင်းစေကာမူ သူမအနေ နှင့်ပေးရန်အဆင်သင့်ရှိနေသည်။ သူသာ ရောက်မလာခဲ့လျှင် ဖြစ်လာနိုင်သည့် ကြောက်စရာအဖြစ်များကို သူမအနေနှင့် တွေးဆထားပြီးဖြစ်သည်။ ငွေနှင့်ပတ်သက်၍ ဘယ်သောအခါမျှ 'ဘရိုင်ယန်'အနေနှင့် နှစ်ခါ မစဉ်းစားခဲ့ဘူးပါ။ သူ့အတွက် ဤသည်က အလုပ်မဟုတ်၊ ဤအရာက အကူအညီ လိုအပ်လျက်ရှိသူအား ကူညီခဲ့ခြင်းသာဖြစ်ပြီး လွန်ခဲ့သောအချိန်ကာလများအတွင်း သူ့အား ကူညီခဲ့သူများစွာရှိခဲ့ကြောင်း ဘုရားရှင်သိသည်။ သူ၏ ဘဝအသက်တာတလျှောက်လုံး သူဤသို့သာ အသက်ရှင်သန်ခဲ့ရာ အခြားမည်သည့်နည်းလမ်းမျိုးနှင့်မျှ လုပ်ဆောင်ရန် သူမတွေးမိခဲ့။

သူမအနေနှင့် သူ့ကို အမှန်တကယ် ပေးဆပ်လိုလျှင် တစ်စုံတစ်ယောက် အကူအညီလိုအပ်ကြောင်း နောက်ထပ်တစ်ကြိမ် တွေ့ကြုံခဲ့လျှင် သူမအနေနှင့် ထိုသူလိုအပ်လျက်ရှိသော အကူအညီကို ပေးနိုင်သည်ဟု သူကပြောခဲ့သည်။ "နောက်ပြီးတော့. . . ကျွန်တော့်အကြောင်းစဉ်းစား"ဟု သူက ထပ်လောင်းပြောဆိုခဲ့သည်။

သူမ ကားစက်နှိုးပြီး မောင်းထွက်သွားသည်အထိ သူက စောင့်ဆိုင်းပေးခဲ့သည်။ ထိုနေ့က ချမ်းအေးလှပြီး စိတ်ဓါတ်ကျစရာကောင်းလှသော်လည်း အိမ်အပြန်လမ်းတလျှောက် သူအကျေနပ်ကြီး ကျေနပ်လျက်ရှိရာမှ နောက်ဆုံး အမှောင်ထုထဲ တိုးဝင်ပျောက်ကွယ်သွားတော့သည်။

မိုင်ပေါင်းအနည်းငယ်မျှလမ်းတစ်လျှောက်မောင်းအပြီးကော်ဖီဆိုင်လေးတစ်ဆိုင်ကိုသူမတွေ့လိုက်

---

မိမိပြုနိုင်သမျှသော
ကောင်းမှုအားလုံးကို ပြုပါ။
မိမိတတ်နိုင်သမျှသော
ဥစ္စာပစ္စည်းအားလုံးဖြင့် ပြုပါ။
မိမိတတ်နိုင်သမျှသော
နည်းလမ်းတို့ဖြင့် ပြုပါ။
မိမိတတ်နိုင်သမျှသော
နေရာအားလုံးတွင် ပြုပါ။
မိမိတတ်နိုင်သမျှသော
အချိန်အားလုံးတွင်ပြုပါ။
မိမိတတ်နိုင်သမျှသော
ကာလတလျှောက်လုံးပြုပါ။

ဂျွန်ဝက်စလေ (အင်္ဂလိပ်ဓမ္မပညာရှင်နှင့် ဧဝံဂေလိသတင်းစကားပြောကြားသူ ၁၇၀၃ – ၁၇၉၁)

---

စကားလုံးတစ်လုံးက ကျွန်ုပ်တို့ကို ဝန်ထုပ်ဝန်ပိုးနှင့် နာကျင်ခြင်းအားလုံးတို့မှလွတ်မြောက်စေသည်။ ထိုစကားလုံးက 'ချစ်ခြင်းမေတ္တာ' ပင်ဖြစ်သည်။

Sophocles (ရှေးခေတ် ဂရိပြဇာတ်ရေးဆရာ၊ ၄၉၆?–၄၀၆? ဘီ. စီ.)

---

တစ်ယောက်ယောက်အတွက် နေ့စဉ် အဘိုးအခမယူဘဲ တစ်စုံတစ်ရာ ပြုလုပ်ပေးပါ။

Albert Schweitzer (ဂျာမဏီ–ပြင်သစ်ဖွား ဓမ္မပညာရှင်၊ အတွေးအခေါ်ပညာရှင်၊ ဆေးဘက်ဆိုင်ရာ သာသနာပြုနှင့် နိုဘယ်ဆုရှင် ၁၈၇၅ – ၁၉၆၅)

သည်။ အိမ်ပြန်ခရီး၏ နောက်ဆုံးအပိုင်းကို မမောင်းမီ တစ်စုံတစ်ခု စားသောက်ပြီး နွေးနွေးထွေးထွေး ခေတ္တအနားယူရန် ထိုဆိုင်ထဲ သူမ ဝင်လိုက်သည်။ စားသောက်ဆိုင်က ညစ်ပတ်ပေရေနေပုံပေါက်သည်။ အပြင်ဘက်တွင် ဟောင်းနွမ်းနေသော ဓါတ်ငွေ့ပန့်နှစ်ခုရှိနေရာ မြင်ကွင်းတစ်ခုလုံးက သူမအတွက် သမရိုးကျမဟုတ်။ ကျသင့်ငွေထွက်သည့်စက်ကလည်း အလုပ်မဖြစ်တော့သည့် ရုပ်ရှင်မင်းသား၏ တယ်လီဖုံးကဲ့သို့ မြည်တချက်၊ မမြည်တစ်–ချက်။

စားပွဲထိုးအမျိုးသမီးရောက်လာပြီး အဖွားအို၏ ရေစိုနေသော ဆံပင်များကို တွေ့ရသောအခါ ဆံပင်သုတ်ရန် သန့်ရှင်းသော မျက်နှာသုတ်ပဝါတစ်ထည် ယူလာခဲ့သည်။ တစ်နေ့လုံး မတ်တပ်ရပ်နေခဲ့ရသည့်တိုင် အပြုံးမပျက်နိုင်သော အပြုံးမျိုးကို ထိုအမျိုးသမီး၏ မျက်နှာပေါ်တွင် တွေ့မြင်နေရသည်။ ဤစားပွဲထိုးအမျိုးသမီးက မွေးဖွားရန် တစ်လနှစ်လသာလိုတော့သော ကိုယ်ဝန်ကို ဆောင်ထားကြောင်း သတိထားမိခဲ့ရာ ထိုဝန်ထုပ်ဝန်ပိုးသည်ပင်လျှင် သူမ၏ ရွှင်လန်းတက်ကြွမှုကို မဟန့်တားနိုင်ခဲ့ကြောင်းတွေ့ရသည်။ ဤမျှ ချို့တဲ့သောသူဖြစ်နေပါလျက်နှင့် အဘယ်ကြောင့် အခြားသူအပေါ် ကြင်နာပြီး လိုက်လျောနိုင်ကြောင်းကို အဖွားအို တွေးလိုက်သည့်အချိန်မှာပင် သူမ၏ အတွေးထဲသို့ 'ဘရိုင်ယန်'၏အကြောင်း ဝင်လာခဲ့သည်။

စားသောက်ပြီးသောအချိန်တွင် အဖွားအိုက ဒေါ်လာ ၁၀၀ တန်နှင့် ငွေရှင်းသောကြောင့် စားပွဲထိုးအမျိုးသမီးက ပြန်အမ်းငွေ သွားရောက်ယူငင်နေစဉ် အဖွားအိုက စကားတစ်ခွန်းမှမပြောဘဲ တံခါးပေါက်မှ တိတ်တဆိတ် ထွက်ခွာသွားခဲ့သည်။ စားပွဲထိုးအမျိုးသမီး စားပွဲရှိရာသို့ ပြန်ရောက်လာသောအခါတွင် အဖွားအိုကကားရပ်ထားသည့် နေရာမှပင် ထွက်သွားနှင့်ပြီဖြစ်သည်။ အဖွားအို ဘယ်ဆီကို ထွက်သွားခဲ့ကြောင်း စဉ်းစားနေခိုက် စားပွဲထိုးအမျိုးသမီး၏ မျက်လုံးများက လက်သုတ်ပဝါပေါ် တစုံတရာ ရေးသားထားခဲ့သည်ကို သတိပြုမိလိုက်သည်။ ထိုအမျိုးသမီးကြီး ရေးသားထားသည့် စာကိုဖတ်နေခိုက် သူ့မျက်လုံးထဲ မျက်ရည်များ ပြည့်လျှံ လာ–ခဲ့သည်။

"မင်းငါ့ကို ဘာမှ ပေးစရာမရှိပါဘူး။ ငါလည်း အဲဒီအနေအထားရောက်ခဲ့ပြီးပြီ။ ငါအခု မင်းကို ကူညီ နေသလို တစ်စုံတစ်ယောက်က ငါ့ကို ကူညီခဲ့ဖူးတယ်။ မင်းငါ့ကို တကယ်ဘဲ ပြန်လည်ပေးဆပ်ချင်တယ်ဆိုရင် ဒီလိုလုပ်ပါ၊ ချစ်ခြင်းမေတ္တာ ကွင်းဆက်ကို မင်းဆီမှာသာ မဆုံးသွားပါစေနဲ့"။

နောက်ထပ် ရှင်းစရာ စားပွဲများ၊ ဖြည့်စရာ သကြားပုဂံလုံးများနှင့် ဧည့်ခံစရာ လူများရှိခဲ့သော်ငြားလည်း စားပွဲထိုးအမျိုးသမီးအနေနှင့် နောက်တနေ့တာကို အောင်မြင်စွာ ဖြတ်သန်းကျော်လွှားနိုင်ခဲ့ပါသည်။

ထိုညအလုပ်မှ အိမ်ပြန်ရောက်ပြီး အိပ်ရာဝင်ချိန်တွင် စားပွဲထိုးအမျိုးသမီးသည် ထိုအမျိုးသမီးကြီး ထားခဲ့သောငွေနှင့် သူမ ရေးသာထားခဲ့သော အကြောင်းအရာများကို စဉ်းစားနေမိသည်။ ထိုလူစိမ်းက မိမိနှင့် မိမိ ခင်ပွန်းတို့ ဤငွေကို လိုနေခဲ့ကြောင်း မည်ကဲ့သို့ သိရှိခဲ့ပါသနည်း? နောက်လဆိုလျှင် မိမိမွေးဖွားရန် အချိန် စေ့နေပြီဖြစ်၍ အခက်အခဲရှိပေလိမ့်မည်။ မိမိဘေးတွင် အိပ်ပျော်လျက်ရှိသော ခင်ပွန်းသည် မည်မျှ စိတ်ပူပင်နေကြောင်း သူမ သိရှိနားလည်ပါသည်။ ခင်ပွန်းသည်ကို ညင်သာစွာ နမ်းလိုက်ရင်း တိုးညှင်းစွာ ပြောလိုက်သည်က "အရာရာ အဆင်ပြေသွားပါလိမ့်မယ်၊ ကိုယ်မင်းကိုချစ်ပါတယ်. . . ဘရိုင်ယန်"။

အမည်မသိ စာရေးသူ

---

လူသည် မျိုးစေ့ကြဲသည့်အတိုင်း အသီးအနှံကို ရိတ်ရလိမ့်မည်။

(သမ္မာကျမ်းစာ၊ ဂလာတိ ၆း၇)

---

သူတပါးအား ပေးကြလော့။
ပေးလျှင် သူတပါးသည် သင်တို့အား ပေးကြလိမ့်မည်။
အမှန်ခြင်ရုံမှုမက၊ သိပ်နှက်လျက်၊ လှုပ်လျက်၊ လျှံလျက်ရှိခြင်းနှင့်
သင်တို့ရင်ခွင်၌ပေးကြလိမ့်မည်။

(သမ္မာကျမ်းစာ၊ လုကာ ၆း၃၈)

---

## ပေးကမ်းခြင်းအားဖြင့် သင်ဘယ်သောအခါမျှ မဆုံးရှုံးပါ။

ဒေးဗစ်ဘရန့်ဘာ့(ဂ)

ဘုရားသခင်၏ ငွေကြေးစီမံခန့်ခွဲမှုက လောက၏ နည်းလမ်းနှင့်မတူ ခြားနားသည်။

လောက၏နည်းလမ်းက "ငါ့မှာသန်းနဲ့ချီပြီးရှိလာရင် ငါစတင်ပေးကမ်းမယ်" ဟု ပြောသည်။
သို့သော်လည်း ဘုရားသခင်က "သင့်မှာရှိသည့်အရာထဲမှ ယခုပင် စတင်ပေးကမ်းပါ။ ထိုသို့ပြုလျှင် ပိုမို၍ ပေးကမ်းနိုင်စေရန် သင်လိုအပ်သမျှကို ငါပေးမည်။ အမှန်တကယ်လည်း ငါသင့်ကိုပို၍ပင်ပေးမည်"ဟု ဆိုသည်။

သင်၌ ယခုရှိနေသည့်အထဲမှ သင့်အနေနှင့် စွန့်လွှတ်ခြင်းဖြင့်၄င်း၊ သစ္စာရှိစွာဖြင့်၄င်း ပေးနိုင်၊ မပေးနိုင်ကို သူမြင်လိုသည်။ သင့်အား ငွေများစွာကို သူမပေးမီ အနည်းငယ်မျှသော ငွေကြေးကို သင်မည်ကဲ့သို့ အသုံးပြုကြောင်း သူရှာဖွေ ဖော်ထုတ်လိုသည်။ ဒေါ်လာများစွာမပေးမီ ပြားစေ့ကို အဘယ်သို့သုံးကြောင်း၊ ပေါင်များစွာမပေးမီ၊ ပဲနီစေ့ကို အဘယ်သို့သုံးကြောင်း သူဖော်ထုတ်လိုသည်။

ဘုရားသခင်က ဤအရာကို ကျွန်ုပ်အား ပြောပြသောအခါ အခြားသူများနှင့် လမ်းပေါ်မှ ချို့တဲ့သော သတင်းစာရောင်းသူ အမျိုးသမီးလေးများ၊ ဘတ်စကားမောင်းသူများ၊ စားပွဲထိုးအမျိုးသမီးများ အစရှိသူတို့ကို ဘောက်ဆူးနှစ်ဆ စတင်ပေးကမ်းခဲ့သည်။ ကျွန်ုပ် ဤသို့ စတင်ပေးကမ်းသည့်အခါ အလွန်ဝမ်းမြောက်ဝမ်းသာ ခံစားရပြီး ယုံသည်ဖြစ်စေ မယုံသည်ဖြစ်စေ မကြာမီအချိန်အတွင်း မိမိတို့ အသက်ရှင်သန်ရေးအတွက် ကုန်ကျစားရိတ်များစွာ ပိုမိုလက်ခံရရှိလာခဲ့ရသည်။ ကျွန်ုပ်တို့အနေနှင့် ပေးကမ်းခြင်း၏ အကျိုးအမြတ်ကို စတင်ရိတ်သိမ်းလာခဲ့ရသည်။ ထို့ကြောင့် သူတစ်ပါးကို ပေးကမ်းခြင်းအား ၂ ဆ တိုးမြှင့်လိုက်သောအခါ ဘုရားသခင်သည်လည်း ကျွန်တော့်အပေါ် သူ၏ ပေးကမ်းစွန့်ကြဲခြင်းကို ၂ ဆ တိုးမြှင့်လိုက်သည်။

ဆုပ်ကိုင်၍မထားဘဲ ဘုရားရှင်သည် သင့်အားဖြင့် စွန့်ကြဲပေးကမ်းပါစေ။ ထိုအခါ သူတစ်ပါးအားဖြင့် သင့်ကို ပိုမိုပေးကမ်းလိမ့်မည်ဖြစ်ကြောင်း သင်မကြာမီ တွေ့ရှိလာရမည်ဖြစ်သည်။ "သင်တို့သည် အဘိုးမပေးဘဲ ကျေးဇူးတော်ကို ခံရကြပြီဖြစ်၍ အဘိုးမခံဘဲ ပေးကမ်းကြလော့" (မဿဲ ၁၀း၈)
ပေးကမ်းစွန့်ကြဲခြင်းအားဖြင့် သင်ဘယ်သောအခါမျှ မဆုံးရှုံးရပါ။ သင်မည်မျှ ပေးကမ်းခဲ့ပြီးပြီလဲ?။